# CVT Newsletter

CVT myanmar
Center for Vocational Training
အသက်မွေးမှုအတတ်ပညာသင်တန်းကျောင်း

စာစဉ် ၅၀၊ မတ်လ၊ ၂၀၂၀



အရည်အသွေးဆိုင်ရာ စွမ်းဆောင်ချက်များ စာ - ၁

ကျွမ်းကျင်မှုဆိုင်ရာနှင့် လုပ်မှုရေးလှုပ်ရှားမှုများ စာ - ၂

အလုပ်သင်/ ကုမ္ပဏီများ၏ စကားသံ စာ - ၃

CVT နှင့် ပူးပေါင်းဆောင်ရွက်သော မိတ်ဖက်များ စာ - ၃


"လူငယ်လူရွယ်တို့ရဲ့ လင်းလက်တောက်ပသော အနာဂတ်၏အစသည် ကျွန်ုပ်တို့ ယနေ့ ချမှတ်လိုက်သော ဆုံးဖြတ်ချက်များ ဖြစ်သည်။"

-BRUNO H. GEIGER-

မင်္ဂလာပါ။ ကမ္ဘာကြီးတစ်ခုလုံးအတွက် အလွန်အရေးကြီးသော အခြေအနေမျိုးဖြင့် ကျွန်ုပ်တို့အားလုံး ရင်ဆိုင်နေကြရပါသည်။ COVID 19 သည် ကျွန်ုပ်တို့အားလုံးအတွက် ကြီးမားသော ခြိမ်းခြောက်မှုများနှင့် အနာဂတ်အတွက် မရေမရာမသေချာမှုများကို ဖြစ်ပေါ်စေပါသည်။ CVT Myanmar တွင် မတ်လအစောပိုင်းမှစ၍ သင်တန်းများ ပြီးဆုံးသွားခဲ့ပြီး သင်တန်းသားများ၏ ကျောင်းပိတ်ရက်ကာလများဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် နိုင်ငံတော်၏ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် ကျောင်းပရဝဏ်အတွင်း COVID 19 ဆိုင်ရာ ဆောင်ရန်/ ရှောင်ရန်များနှင့် ညွှန်ကြားချက်များအတိုင်း လက်ဆေးကန်များ ထားရှိခြင်း၊ လက်သန့်ဆေးရည်များထားပေးခြင်း၊ တာဝန်ကျ ဝန်ထမ်းများအား အဖျားတိုင်းပေးခြင်းများအပြင် ကျောင်းတွင်း နံရံများနှင့် အပြင်ဘက်တွင် ပိုစတာများကို ချိတ်ဆွဲထားခြင်းအားဖြင့် အများပြည်သူအား COVID 19 အတွက် အသိအမြင်များ ဖြန့်ဝေထားရှိပါသည်။ ဤကာလ အခြေအနေတွင် အခြားကုမ္ပဏီများသို့ သွားရောက်လည်ပတ်ခြင်း၊ အစည်းအဝေးကျင်းပခြင်းများ မပြုလုပ်ဘဲ ဆိုင်းငံ့ထားပါသည်။ အခြားတစ်ဖက်တွင် ကျွန်ုပ်တို့၏ အဖွဲ့အစည်းလုပ်ငန်း လည်ပတ်မှုကို ထိန်းသိမ်းရန် ကျန်ရှိသော ရုံးတက်ရက်များအတွက် သင့်လျော်သော နည်းလမ်းများဖြင့် တာဝန်ထမ်းဆောင်ရန် စီစဉ်ထားရှိပါသည်။ အဆိုပါရက်များအတွင်း ကျွန်ုပ်တို့ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် နှစ်ပတ်လည် လုပ်ငန်းတာဝန်များမှာ သင်ရိုးညွှန်းတမ်းအသစ်များနှင့် သင်ခန်းစာများ ပြင်ဆင်ခြင်း၊ ကျောင်းအဆောက်အအုံကို အသေးအဖွဲများ ပြုပြင်ခြင်း၊ စာရင်းနှင့် ပစ္စည်းပိုင်ဆိုင်မှု ထိန်းချုပ်ခြင်း၊ နှစ်စဉ် အစီအစဉ်နှင့် ဘတ်ဂျက်များ ပြင်ဆင်ခြင်းတို့ ဖြစ်သည်။ ထို့ကြောင့် လက်ရှိ အခြေအနေတွင် လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများ၏ ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်သော ကိစ္စရပ်များကို ဖြေရှင်းရန် အိမ် (သို့) ရုံးမှ ပုံမှန် ဝန်ထမ်းဦးရေ အနည်းဆုံး အင်အားဖြင့် အပိုင်းလိုက် အလုပ်လုပ်သော အစီအစဉ်များကို ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ ကျွန်ုပ်တို့အနေဖြင့် အကောင်းဆုံးကို မျှော်လင့်ပြီး အဆိုးဆုံးအတွက် ပြင်ဆင်ထားသင့်ကြောင်း ပြောရင်းဖြင့် ပြီးခဲ့သော အင်္ဂါနေ့တွင် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ COVID 19 နှင့်ပတ်သက်၍ စိုးရိမ်ထိတ်လန့်ခြင်း မရှိစေရန်နှင့် လမ်းညွှန်ချက်များ လိုက်နာရင်း COVID 19 ပိုးရပ် အမြန် အဆုံးသတ်စေဖို့ ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါသည်။

## အရည်အသွေးဆိုင်ရာ စွမ်းဆောင်ချက်များ

### ဆွစ်ဇာလန်နိုင်ငံ သတ္တုပစ္စည်းအတတ်ပညာသင်တန်းမှ ကျွမ်းကျင်ပညာရှင်၏ လုပ်ဆောင်ချက်များ



ဆွစ်ဇာလန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင် Mr. Samuel Friedrich သည် သတ္တုပစ္စည်း ထုတ်လုပ်မှုသင်တန်းဌာနသို့ ဇန်နဝါရီလ ၃၁ ရက်မှ ဖေဖော်ဝါရီလ ၂၂ ရက်နေ့အထိ လာရောက်ခဲ့ရာ သတ္တုပစ္စည်း ထုတ်လုပ်မှုသင်တန်းမှ သင်တန်းသားများ၏ နောက် ဆုံးနှစ် စာမေးပွဲ စာတွေ့လက်တွေ့များနှင့် လူတွေ့စစ်ဆေးခြင်းများတွင် ပါဝင်ခဲ့သည်။ ထို့အပြင် ဌာနနှင့်ပူးပေါင်း၍ ကုမ္ပဏီများ၊ စက်ရုံ အလုပ်ရုံများသို့ အတူတကွ သွားရောက်လေ့လာခဲ့ကြပါသည်။ ထို့နောက် ဌာနတွင်း ကျွမ်းကျင်မှုများ တိုးမြှင့်စေရေးအတွက် New CAD software ကိုလည်း သင်ကြားပို့ချခဲ့ပြီး သင်တန်းခေါင်းစဉ် "Metal Worker" အစား "Metal Technician" လို့ ပြောင်းလဲသတ်မှတ်ဖို့ အကြံဉာဏ်များပေးခဲ့ပါသည်။

### အထွေထွေ ပညာရေးဌာနမှဦးဆောင်၍ အမျိုးသားပြတိုက် သို့ သွားရောက်လေ့လာခြင်း

၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် အထွေထွေပညာရေးဌာနမှ ဦးဆောင်၍ အမျိုးသား ပြတိုက်သို့ လေ့လာရေးသွားရောက်ခဲ့ရာ အလုပ်သင် သင်တန်းသားများသည့် စီးပွားရေး အထောက်အကူပြု သင်တန်းမှ ပထမနှစ်နှင့် ဒုတိယနှစ်မှ သင်တန်းသား/သူများ၊ ပရိဘောဂအတတ်ပညာ သင်တန်းမှ ဒုတိယနှစ် သင်တန်းသားများ၊ လျှပ်စစ်ကျွမ်းကျင်မှု အတတ်ပညာသင်တန်းမှ ဒုတိယနှစ် သင်တန်းသားများနှင့် သတ္တုပစ္စည်းထုတ်လုပ်မှု အတတ်ပညာသင်တန်းမှ ဒုတိယနှစ် သင်တန်းသားများ စုစုပေါင်း သင်တန်းသား/သူ (၉၀) ဦးတို့သည် မြန်မာစာနှင့် အက္ခရာ၊ မြန်မာနိုင်ငံ၏ သမိုင်းဝင် အရေးပါမှု၊ ရှေးဘုရင်မင်းဆက်များ ရာဇပလ္လင် ရုပ်မျိုး၏ ပုံစံငယ်လေးများ၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာဂီတနှင့် တိုင်းရင်းသား လူမျိုးစုများ၏ ယဉ်ကျေးမှုများကို ပျော်ရွှင်စွာဖြင့် သွားရောက် လေ့လာခဲ့ကြပါသည်။



## CVT ၏ အမျိုးသား ကျွမ်းကျင်မှု စံ သတ်မှတ်ရေး အသိအမှတ်ပြု စာမေးပွဲများ ကျင်းပပြုလုပ်ခြင်း





၂၀၁၄ ခုနှစ်မှ စတင်၍နိုင်ငံလုံးဆိုင်ရာ လုပ်သားများကျွမ်းကျင်မှု အရည်အသွေး စစ်ဆေးရေး လုပ်ငန်းများကို National Skills Standard Authority (NSSA) က စတင်ဆောင်ရွက်ခဲ့သည်။ NSSA သည် အလုပ်သမားဝန်ကြီးဌာန၊ အခြားဆက်စပ်ဝန်ကြီးဌာနများ၊ ကျွမ်းကျင်ပညာရှင်များနှင့်အတူ GIZ, SDC ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းမှ သက်မွေးမှု အတတ်ပညာ သင်တန်းကျောင်းများ ပေါင်းစည်း၍ မြန်မာနိုင်ငံရှိ အလုပ်သမားများ၏ အရည်အသွေး စံနှုန်းအဆင့်အတန်းများ သတ်မှတ်ကာ သက်ဆိုင်ရာ ကျွမ်းကျင်မှု လက်မှတ်များထုတ်ပေးနိုင်ရန်အတွက် ဖွဲ့စည်းထားသောအဖွဲ့အစည်းဖြစ်သည်။ ယခုနှစ် ဇန်နဝါရီလတွင် ကျင်းပသော Assessment စာမေးပွဲအတွက် CVT Myanmar မှ Assessment Center အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ Maybank Foundation နှင့် CVT Myanmar တို့ ပူးပေါင်းဖွင့်လှစ်သော အပတ်စဉ် ၃ လျှပ်စစ်သင်တန်းမှ လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေး စစ်ဆေးရေးများကို သဃ်န်းကျွန်းမြို့နယ်ရှိ CVT လက်တွေ့ခန်းမဆောင်တွင် ဇန်နဝါရီလ ၂၅ ရက်နှင့် ၃၀ ရက်များတွင် NSSA Level-1 assessment ကျင်းပပြုလုပ်ခဲ့ရာ Maybank ကျောင်း သား (၂၇) ဦးနှင့်အတူ ပြင်ပမှ သင်တန်းသား (၁၃) ဦး စုစုပေါင်း (၄၀) ဦးတို့ပါ ဝင်ရောက် ဖြေဆိုခဲ့ကြပါသည်။

CVT Myanmar သည် ယခုအကြိမ် ကျင်းပသော Waiting Staff Assessment စာမေးပွဲများ အတွက် Assessment Center အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး မတ်လ ၂ ရက် မှ ၆ ရက် ၂၀၂၀ ထိ Hotel လုပ်ငန်းဆိုင်ရာ Waiting Staff Level-1 assessment များ ပြုလုပ်ခဲ့သည်။ ရန်ကုန်တီးဟောက်စ်မှ (၅) ဦး လာရောက်ဖြေဆိုခဲ့ရာ CVT Myanmar ဟိုတယ်သင်တန်းမှ (၂၄) ဦး စုစုပေါင်း (၂၉) ဦးတို့ ပါဝင် ဖြေဆိုအောင်မြင်ခဲ့ကြသည်။

## အသက်မွေးဝမ်းကြောင်းကျွမ်းကျင်မှုဆိုင်ရာနှင့် လူမှုရေးလှုပ်ရှားမှုများ

### CVT Myanmar သင်တန်းများ၏ စာမေးပွဲများ ကျင်းပပြီးစီးခြင်း

**စီးပွားရေးအထောက်အကူပြုသင်တန်း** CA 18 နောက်ဆုံးနှစ် စာမေးပွဲကို သင်တန်းသား ၂၆ ဦးဖြင့် မတ် လ ၂ ရက်နေ့မှ ၅ ရက်နေ့ ၂၀၂၀ ခုနှစ်ထိ သဃ်န်းကျွန်းမြို့နယ်ရှိ သင်တန်းကျောင်းတွင် Written Test, Oral test တို့ ကို စစ်ဆေးခဲ့သည်။

**ပရိဘောဂ အတတ်ပညာသင်တန်း** CM – 15 နောက်ဆုံးနှစ် လက်တွေ့စာမေးပွဲကို သင်တန်းသား ၁၂ ဦးဖြင့် ဇန်နဝါရီလ ၂၇ ရက်မှ ၃၁ ရက်နေ့ ၂၀၂၀ ခုနှစ်အထိ သဃ်န်းကျွန်းမြို့နယ်ရှိ သင်တန်းကျောင်းတွင် နာရီ ၂၀ ကြာ ကျင်းပပြုလုပ်ခဲ့သည်။ ထို့နောက် ဖေဖော်ဝါရီလ ၁၉ ရက်နေ့ ၂၀၂၀ တွင် ပရိဘောဂ အတတ်ပညာမှ သင်တန်းသားများသည် ပရိဘောဂ စက်ရုံများနှင့် ကုမ္ပဏီများသို့ လေ့လာရေး သွားရောက်ခဲ့ကြပါသည်။

**လျှပ်စစ်ကျွမ်းကျင်မှု အတတ်ပညာသင်တန်း** တတိယနှစ် EL 13 C မှ သင်တန်းသား ၃၀ ဦးသည် လည်းကောင်း၊ ဒုတိယနှစ် EL 14 မှ သင်တန်းသား ၂၆ ဦးနှင့် ပထမနှစ် EL 15 မှ သင်တန်းသား ၁၈ ဦးတို့သည် မတ်လ (၂) ရက်နေ့မှ မတ်လ (၆) ရက်နေ့အထိ သက်ဆိုင်ရာ ဘာသာရပ်အလိုက် နောက်ဆုံးနှစ် အတန်းတင် စာမေးပွဲများကို ကျင်းပဖြေဆိုခဲ့ကြ ပါသည်။

**ဟိုတယ်နှင့် ဧည့်ဝတ်ပြုမှုဆိုင်ရာ သင်တန်း**၏ လုပ်ငန်းခွင်အကြိုသင်တန်း နောက်ဆုံးလက်တွေ့ စာမေးပွဲကို ဖေဖော်ဝါရီ လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ ဧည့်ကြို သင်တန်းနှင့် အိမ်ခန်းဆောင်ထိန်းသိမ်းရေး သင်တန်းအတွက် မတ်လ ၃ ရက်နေ့မှ ၆ ရက်နေ့တို့တွင် ကျင်းပပြုလုပ်ခဲ့သည်။ ထို့နောက် အစားအစာ ချက်ပြုတ်ပြင်ဆင်ခြင်းနှင့် တည်ခင်း ဧည့်ခံခြင်း ဝန်ဆောင်မှုသင်တန်း နောက်ဆုံး လက်တွေ့ စာမေးပွဲကို ဖေဖော်ဝါရီလ ၂၅ ရက်မှ ၂၈ ရက်အထိနှင့် မတ်လ ၂ ရက်မှ ၅ ရက်အထိ ကျင်းပ ပြုလုပ်ခဲ့ကြပါသည်။

**သတ္တုပစ္စည်းထုတ်လုပ်မှု အတတ်ပညာသင်တန်း** MW – 16 နောက်ဆုံးနှစ် စာမေးပွဲကို သင်တန်းသား ၁၀ ဦးဖြင့် မတ်လ ၂ ရက်မှ ၅ ရက်ထိ စာတွေ့စာမေးပွဲများနှင့် ၃ ရက်မှ ၇ ရက်နေ့အထိကို လက်တွေ့များနှင့် လူတွေ့ စာမေးပွဲများကို ကျင်းပပြုလုပ်ခဲ့ကြပါသည်။







### Upcycling Woodworking Course သင်တန်း အောင်လက်မှတ်ပေးအပ်ခြင်း



CVT Myanmar နှင့် Mickey Real Wood Furniture တို့ ပူးပေါင်း ဆောင်ရွက်သည့် ဒုတိယအကြိမ်မြောက် သင်တန်းဖြစ်သည့် Upcycling Woodworking Course (1/2020) သင်တန်းကို ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီ (၈) ရက်နေ့တွင် စတင်ကာ တစ်လသင်တန်းကို သင်တန်းသား (၁၅) ဦးဖြင့် ဖွင့်လှစ်ခဲ့ပြီး ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီ (၂၉) ရက်နေ့တွင် သင်တန်းပြီးဆုံးကာ သင်တန်းဆင်း အောင်လက်မှတ်များပေးအပ်ခဲ့ပါသည်။



### Maybank TLC နှင့် CVT Myanmar ၏ လျှပ်စစ်ကျွမ်းကျင် အပတ်စဉ် ၃ ပြီးဆုံးခြင်း

Maybank TLC နှင့် CVT Myanmar တို့ ပူးပေါင်းဖွင့်လှစ်၍ အနည်းဆုံး အခြေခံပညာ အထက်တန်းအဆင့် သင်ယူခဲ့ပြီး အလုပ်အကိုင်ရှာဖွေနေသော လူငယ်များအတွက် လျှပ်စစ် ကျွမ်းကျင်မှု စာတွေ့ လက်တွေ့ တစ်ပြိုင်နက် သင်ကြားပေးသော သင်တန်း အပတ်စဉ် ၃ ကို သင်တန်းသား (၂၇) ဦးဖြင့် ၂၀၁၉ ခုနှစ်၊ သြဂုတ်လမှ ဖေဖော်ဝါရီလအထိ ၆ လကြာ ဖွင့်လှစ်ခဲ့ပါသည်။ ၎င်းသင်တန်းသား (၂၇) ဦးသည် သင်တန်းပြီးဆုံး အောင်မြင်ပြီး CVT Myanmar အသိအမှတ်ပြု အမျိုးသား ကျွမ်းကျင်မှုစံနှုန်းအဆင့် (၁) အောင်လက်မှတ်ရရှိမည် ဖြစ်သည်။



